# AFSCME ဒေသတွင်း ၃၂၈ မှကြိုဆိုပါသည်

OHSU တွင်သင်အလုပ်သစ်ရခြင်းအတွက် ဂုဏ်ပြုပါသည်! သင်၏လက်ရှိရာထူးကို အမေရိကန်ပြည်ထောင်စု၏ ဖက်ဒရယ်၊ ကောင်တီနှင့် မြူနီစပယ်ဝန်ထမ်းများ (American Federation of State, County and Municipal Employees) (AFSCME) ဟုခေါ်သော အလုပ်သမားအသင်းက ကိုယ်စားပြုထားပါသည်။ OHSU (ဒေသတွင်း ၃၂၈) တွင်ရှိသောအသင်းကို ၁၉၈၅ တွင်တည်ထောင်ခဲ့ပြီး ဝန်ထမ်းပေါင်း ၇,၀၀၀ ခန့်ရှိပါသည်။

## အသင်းဆိုတာ ဘာပါလဲ?

အလုပ်သမားအသင်းဆိုသည်မှာ အလုပ်နှင့်အလုပ်အခြေအနေများကို အကျိုးသက်ရောက်စေမည့် ဆုံးဖြတ်ချက်များကိုချနိုင်ရန် ဖွဲ့စည်းပေါင်းစည်းထားသော အလုပ်သမားအုပ်စုတစ်စုဖြစ်သည်။ အလုပ်သမားအသင်းဝင်ဖြစ်ခြင်းသည် ဝန်ထမ်းများသည် ကျွန်ုပ်တို့လစာများ၊ နာရီများ၊ အကျိုးခံစားခွင့်များ (ကျန်းမာရေးစောင့်ရှောက်မှု၊ အငြိမ်းစားယူခြင်း၊ ကျူရှင်ခပြန်တောင်းခံခြင်း၊ အစရှိသည်) နှင့် အားလပ်ရက်များတွင် ပြောဆိုခွင့်ရှိသည်။ ထို့ပြင်ဘေးအန္တရာယ်ကင်းရှင်းပြီး လေးစားမှုရှိသော အလုပ်ပတ်ဝန်းကျင်၊ ဖြောင့်မတ်သောစည်းကမ်းဆိုင်ရာကို လုပ်ငန်းစဉ် နှင့် "အကြောင်းရင်းသာ" ကာကွယ်ခြင်း (သင့်ကိုအကြောင်းမရှိဘဲအလုပ်မှထုတ်ပစ်ခြင်း) ကဲ့သို့အခွင့်အရေးများလည်းရှိသည်။ အလုပ်သမားများသည် အချင်းချင်းကြည့်ရှုကြလျှင် လူတိုင်းအတွက် အခြေအနေများသည်တိုးတက်လာမည်။ ကျွန်ုပ်တို့အသင်းက ၎င်းကိုပြုလုပ်သောအဓိက နည်းလမ်းမှာ OHSU နှင့် စာချုပ်ချုပ်ဆိုရာတွင် ညှိနှိုင်းခြင်းဖြစ်သည်။ စာချုပ်တစ်ခုသည် ကျွန်ုပ်တို့၏ လစာများ နာရီများ၊ အကျိုးခံစားခွင့်များ စသည်တို့ကို တရားဝင်အပြီးသတ်ချုပ်ဆိုသော စာရွက်စာတမ်းဖြစ်သည်။ စာချုပ်များသည် ၂ နှစ်မှ ၅ နှစ်အထိကာလအပြောင်းအလဲရှိသည်။ စာချုပ်တစ်ခုသည် ကုန်ဆုံးရက်နီးလာပါက ဒေသတွင်း ၃၂၈ နှင့် OHSU တို့က ၎င်းကို ပြန်လည်ညှိနှိုင်းခြင်းကို ဆောင်ရွက်သည်။

## ညှိနှိုင်းခြင်းကို မည်သို့ဆောင်ရွက်ပါသလဲ?

ဒေသတွင်း ၃၂၈ နှင့် OHSU တို့က ညှိနှိုင်းသောအခါ တစ်ဖက်စီ၌ ကိုယ်စားပြုမည့် အသင်းတစ်သင်းစီရှိသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အသင်းကို ကိုယ်စားပြုရန် အသင်းဝင် ၁၂ ယောက်ကိုရွေးပြီး OHSU က အလုပ်ခန့်သူကို ကိုယ်စားပြုရန် မန်နေဂျာ ၁၂ ယောက်ကိုရွေးချယ်သည်။ အသင်းဝင်ကြေးပေးသော မည်သည့်အသင်းဝင်မဆိုကို ညှိနှိုင်းရေးအသင်းအတွက် အဆိုပြုနိုင်သည်။ ကျွန်ုပ်တို့၏ အသင်းဝင်ကြေးပေးသော အသင်းဝင်များကသာ ဆန္ဒမဲပေးခွင့်ရှိသည်။ ညှိနှိုင်းရေးအတွက် ပြင်ဆင်ရာ၌ ကျွန်ုပ်တို့အသင်းသည် ကျွန်ုပ်တို့အဖွဲ့အားလပေါင်းများစွာ

လေ့ကျင့်ထားစေသည်။ ဒေသတွင်း ၃၂၈ နှင့် OHSU နှစ်ဦးစလုံးသည် နောက်စာချုပ်ချုပ်ဆိုမှုတွင် သူတို့ပြောင်းလဲလိုသည့် အကြံဉာဏ်များနှင့် ညှိနှိုင်းရေးသို့လာရောက်ကြသည်။ ကျွန်ုပ်တို့၏ အသင်း စစ်တမ်းအသင်ဝင်များက သူတို့အတွက်မည်သည့်အရာသည် အရေးအကြီးဆုံး (လစာများ၊ အာမခံများ၊ စသဖြင့်) ဖြစ်မည်နှင့် ထိုအကြံပြုချက်ပေါ်တွင်အခြေခံသော အဆိုတင်သွင်းမှုများကို ပြုလုပ်ကြသည်။ ညှိနှိုင်းခြင်းသည် လေပါင်းများစွာကြာနိုင်သည်။ ထိုလများအတွင်းနှစ်ဖက်စလုံးမှ အဆိုများကို တင်သွင်းကြသည်၊ အချို့ကိုလက်ခံ၍ အချို့ကိုငြင်းပယ်သည်။ ညှိနှိုင်းခြင်းတလျှောက်တွင် ဒေသတွင်း ၃၂၈ သည် ဖြစ်ပေါ်နေသော လက်ရှိအခြေအနေကို အသင်းသားများအားလုံးထံ အသိပေးသည်။

ညှိနှိုင်းခြင်းသည် အဆင်မပြေဖြစ်ပြီး အသင်းဝင်များက စီမံအုပ်ချုပ်ရေးမှ တင်သွင်းသောအဆိုများကို မနှစ်သက်ပါက အသင်းဝင်များသည် ကျွန်ုပ်တို့အသင်းကို ပံ့ပိုးသည့် တံဆိပ်များ/ကြယ်သီးများ တပ်ဆင်ခြင်း၊ စုရုံးခြင်း၊ ဆန္ဒပြမှုများကဲ့သို့ အများလှုပ်ရှားမှုများတွင် ပါဝင်လှုပ်ရှားနိုင်သည်။ နောက်ဆုံးအနေနှင့် ဒေသတွင်း ၃၂၈ ညှိနှိုင်းရေးအသင်းက အသင်းဝင်များကို ဆန္ဒပြရန် မဲတောင်းဆိုနိုင်သည်၊ အကယ်၍ အသင်းဝင် အများစုက ဆန္ဒပြရန် မဲပေးပါက ညှိနှိုင်းရေးအသင်းက ယင်းအတိုင်းလုပ်ဆောင်ရန် အသိပေးမည်။ နှစ်ဖက်စလုံးသည် စာချုပ်အသစ်ချုပ်ရန် ရည်မှန်းထားသော သဘောတူညီချက်ရရှိပါက ယင်းအတွက် ကျွန်ုပ်တို့အသင်းက အသင်းဝင်များအား သဘောတူလက်မှတ် ရေးထိုးစေမည်။ အသင်းဝင်ကြေးပေးသော အသင်းဝင်များသာ စာချုပ်သဘောတူလက်မှတ် ရေးထိုးနိုင်မည်။

## အသင်းအတွေ့အကြုံများမှာ ဘာပါလဲ?

အသင်းဝင်ဖြစ်ခြင်းသည် ကျသင့်သောအသင်းဝင်ကြေးများကို ပေးခြင်းဖြစ်သည်။ အသင်းဝင်ကြေးများသည် ကျွန်ုပ်တို့အသင်း၏ လုပ်ငန်းလည်ပတ်မှုများကို ပံ့ပိုးရန် ပေးငွေများဖြစ်သည်။ ကျွန်ုပ်တို့သည် အသင်းဝင်များကို အသင်းခိုင်မာတောင့်တင်းစေရန် အသင်းဝင်ကြေးများကို ပေးစေပါသည်။ ဝင်ကြေးများသည် ဒေသတွင်း ၃၂၈ ကို ကျွန်ုပ်တို့စာချုပ်အား ပိုမိုအားကောင်းစေခြင်း၊ အသင်းကိုလည်ပတ်ရန် ဥပဒေရေးရာ/စီမံခန့်ခွဲမှုစရိတ်များ၊ ကျွန်ုပ်တို့၏ညှိနှိုင်းရေးအဖွဲ့နှင့် စောင့်ရှောက်သူများကိုလေ့ကျင့်ပေးရန် နှင့် အသင်းသားများအတွက် အကျိုးရှိမည့် အစီအစဉ်များကို ဆောင်ရွက်ရန်ပံ့ပိုးပေးသည်။ ဝင်ကြေးများမှာ တစ်လလျှင် $၃.၄၈ + သင့်မူလ လစာ၏ ၁.၂၇% (အချိန်ပို သို့မဟုတ် လစာခြားနားမှုများ မပါဝင်) ဖြစ်ပြီး အသင်းဝင်တစ်ယောက်က အမြင့်ဆုံးပေးနိုင်သည်မှာ တစ်လလျှင် $၆၉.၇၀ ဖြစ်သည်။ ဝင်ကြေးများကို သင့်လစာပေးချက်လက်မှတ်မှ တစ်နှစ်လျှင် ၂၄ ကြိမ်အလိုလျောက်ဖြတ်တောက်ပါသည်။ ကျွန်ုပ်တို့အသင်းဝင်များ၏ ဝင်ကြေးဒေါ်လာများသည် ဒေသတွင်း ၃၂၈၊ Oregon AFSCME Council 75 (ကောင်စီ ၇၅) နှင့် AFSCME International (နိုင်ငံတကာ) တို့ကို ပံ့ပိုးပါသည်။

## PEOPLE (လူထု) အစီအစဉ်

AFSCME တွင် အသင်းဝင်များမှ မိမိတို့ဆန္ဒအလျောက် လှူဒါန်းမှုများဖြင့် ထောက်ပံ့ထားသည့် PEOPLE (Public Employees Organized to Promote Legislative Equality) သာတူညီမျှမှုဥပဒေပြုရေးကို အားပေးရန်ဖွဲ့စည်းထားသော ပြည်သူ့ဝန်ထမ်း ဟုခေါ်သည့် နိုင်ငံရေးလှုပ်ရှားမှု အစီအစဉ် တစ်ခုလည်းရှိပါသည်။ PEOPLE အစီအစဉ်သည် အသင်းဝင်များအား AFSCME က Oregon တွင်ပြုလုပ်သည့် နိုင်ငံရေးလုပ်ဆောင်ချက်များကို ပံ့ပိုးစေနိုင်သည့် နည်းလမ်းဖြစ်သည်။ ထောက်ပံ့ကြေးများကို အခွင့်ထူးရသည့်အလုပ်သမားပါတီ နိုင်ငံရေးသမားများ နှင့် အလုပ်လုပ်သောသူများအတွက် ကောင်းမွန်သောဥပဒေပြုချက်ကို တရားဝင်ဖြစ်စေသည်။ ပြီးခဲ့သောနှစ်များက PEOPLE အစီအစဉ်သည် ပြည်နယ်၏အနည်းဆုံး လစာငွေကို တိုးမြှင့်ပေးခြင်း၊ အလုပ်သမားအားလုံးအတွက် ဆေးခွင့်ကို ကာကွယ်ခြင်း နှင့် အမျှတဆုံးဖြစ်သော မိသားစုဆိုင်ရာခွင့် ဥပဒေကို နိုင်ငံအတွင်းကူညီဆောင်ရွက်ခဲ့သည်။

## ဒေသတွင်း ၃၂၈ ၏ ဖွဲ့စည်းပုံ

ကျွန်ုပ်တို့အသင်းတွင် ရွေးချယ်တင်မြှောက်ထားသော အသင်းခေါင်းဆောင်များပါဝင်သည့် အမှုဆောင်ဘုတ်အဖွဲ့ တစ်ဖွဲ့ရှိသည်။ အသင်းဝင်ကြေးပေးသောအခွင့်အရေးရှိသည့် မည်သည့်ဝန်ထမ်းမဆိုသည် ထိုဘုတ်အဖွဲ့၏ ရာထူးနေရာအတွက် ရယူနိုင်သည်။ ထိုဘုတ်အဖွဲ့သည် ကျွန်ုပ်တို့အသင်းအတွက် ရသုံးငွေကို စီမံပေးပြီး ဒေသတွင်း ၃၂၈ လုပ်ဆောင်နေသည်များကို အသင်းဝင်များအား အသိပေးခြင်း၊ အသင်းဝင်းများရင်ဆိုင်နေသော ကြီးမားသော ပြဿနာများကိုပြောဆိုခြင်း၊ မတရားဆုံးဖြတ်ချက်အတွက် နစ်နာကြေးများကို ဆုံးဖြတ်ခြင်း နှင့် အခြားအရာများကို လုပ်ဆောင်ပေးသည်။ ကျွန်ုပ်တို့အသင်းတွင် အသင်းစီးပွားရေးလုပ်ငန်း နှင့် လှုပ်ရှားမှုများကို လုပ်ဆောင်ရန် ကော်မီတီငယ် များစွာလည်းရှိသည်။ ကျွန်ုပ်တို့အသင်းသည် Oregon ရှိ AFSCME အသင်းများအားလုံး၏ အကျိုးစီးပွားကို ကြီးကြပ်ပေးသော Oregon AFSCME Council 75 (ကောင်စီ ၇၅) ၏အစိတ်အပိုင်းဖြစ်သည်။

## ကိုယ်စားပြုခြင်းအခွင့်အရေး

အကယ်၍သင့်ကို မန်နေဂျာမှဆွေးနွေးရန် ခေါ်တွေ့ပြီး ၎င်းဆွေးနွေးမှုပြီးနောက် စည်းကမ်းဆိုင်ရာအရေးယူခြင်း သို့မဟုတ် အလုပ်မှရပ်စဲခြင်းတို့ဖြစ်လာပါက Weingarten အခွင့်အရေးများဟု ကျွန်ုပ်တို့ကခေါ်ဆိုသည့် အစိတ်အပိုင်းအနေနှင့် သင့်ထံတွင် အသင်းကိုယ်စားလှယ်တစ်ဦးကို ထားရှိနိုင်ခွင့်ရှိသည်။ ထိုအခွင့်အရေးများသည် အမေရိကန်ပြည်ထောင်စုရှိ အသင်းသားအားလုံးအတွက် အကျုံးဝင်သည်။ OHSU တွင် ထိုဆွေးနွေးပွဲများကို စုံစမ်းစစ်ဆေးရေး ဆွေးနွေးပွဲများဟုခေါ်သည်။ သင့်မန်နေဂျာသည်

ထိုကဲ့သို့ဆွေးနွေးပွဲအတွက် သင့်အား ၃၆ နာရီကြိုတင်အကြောင်းကြားထားရန် လိုအပ်သည်။ အကယ်၍သင့်ထံတွင် စုံစမ်းစစ်ဆေးရေး ဆွေးနွေးပွဲတစ်ခုရှိသည်ဟု အကြောင်းကြားခံရပါက ကျွန်ုပ်တို့အသင်းထံ တတ်နိုင်သမျှအမြန်ဆုံး ဆက်သွယ်၍ ကိုယ်စားလှယ်တစ်ဦးကို တောင်းပါ။

**Steward (စောင့်ရှောက်ပေးသူ) အစီအစဉ်**

စောင့်ရှောက်ပေးသူများသည် သူတို့ကိုယ်စားပြုသော လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများကို စေတနာ့ဝန်ထမ်းပံ့ပိုးပေးသည့် အသင်းသားများဖြစ်သည်။ စောင့်ရှောက်ပေးသူများ၏ အလုပ်သည် စာချုပ်ဖြင့် သဘောတူချုပ်ဆိုထားသည့် လစာရသောအလုပ်ဖြစ်သည်။ စောင့်ရှောက်ပေးသူ အမျိုးအစား သုံးမျိုးရှိပါသည်:

- စုံစမ်းစစ်ဆေးမှုဆိုင်ရာ စောင့်ရှောက်ပေးသူများ: ကိုယ်စားပြုသောဝန်ထမ်းတစ်ယောက်သည် စုံစမ်းစစ်ဆေးမှု ဆွေးနွေးပွဲသို့အခေါ်ခံရပါက ထိုဆွေးနွေးပွဲတွင် အသင်းမှကိုယ်စားလှယ်တစ်ယောက်ကို ခေါ်ယူရန် ခွင့်ပြုထားသည်။ စုံစမ်းစစ်ဆေးမှုဆိုင်ရာ စောင့်ရှောက်ပေးသူများသည် ထိုဆွေးနွေးပွဲများတွင် ဝန်ထမ်းများအားပံ့ပိုးပေးခြင်း၊ မှတ်စုရေးခြင်း နှင့် ဆွေးနွေးပွဲများကို လျော်ကန်စွာပြုလုပ်နိုင်စေရန် သေချာစေသည်။
- နစ်နာကြေးဆိုင်ရာ စောင့်ရှောက်ပေးသူများ: ကိုယ်စားပြုသောဝန်ထမ်းတစ်ယောက်သည် OHSU က စာချုပ်ကိုချိုးဖောက်သည်ဟုယုံကြည်ပါက နစ်နာကြေးအတွက် တိုင်တန်းနိုင်သည်။ နစ်နာကြေးဆိုင်ရာ စောင့်ရှောက်ပေးသူများသည် စာချုပ်ကိုချိုးဖောက်ခြင်းရှိမရှိကို ဆုံးဖြတ်နိုင်ရန် ဝန်ထမ်းနှင့်အတူလုပ်ဆောင်ကာ မှန်မှန်ကန်ကန်ဖြစ်စေရန် ဆောင်ရွက်သည်။
- ဦးဆောင် စောင့်ရှောက်ပေးသူများ: ဦးဆောင် စောင့်ရှောက်ပေးသူများသည် ဒေသတွင်း ၃၂၈ အတွက် စီမံအုပ်ချုပ်သူများအဖြစ် လုပ်ဆောင်ပြီး ကိုယ်စားပြုသောဝန်ထမ်းများကို အသင်း အရင်းအမြစ်များနှင့် ချိတ်ဆက်ပေးရန် ကူညီသည်။

အသင်းဝင်ကြေးပေးသော အသင်းဝင်တိုင်းသည် သင်တန်းတက်ပြီးပါက စောင့်ရှောက်ပေးသူတစ်ဦးဖြစ်နိုင်သည်။ သင်သည် စောင့်ရှောက်ပေးသူတစ်ဦးဖြစ်ရန် စိတ်ဝင်စားပါက chiefsteward@local328.org သို့အီးမေးလ်ပို့ပါ။

**ဌာနအလိုက် စောင့်ရှောက်ပေးသူများ**

စာချုပ်နှင့် ကိုယ်စားလှယ်ကိစ္စများတွင် ဆောင်ရွက်သော စောင့်ရှောက်ပေးသူများအပြင်၊ ဒေသတွင်း ၃၂၈ တွင် ဌာနအလိုက် စောင့်ရှောက်ပေးသူများအဖြစ် ဝန်ဆောင်မှုပေးသော အသင်းသားများလည်းရှိပါသည်။ ဌာနအလိုက် စောင့်ရှောက်ပေးသူများသည် သူတို့လုပ်ဖော်ကိုင်ဖက်များ နှင့် ကျွန်ုပ်တို့ ခေါင်းဆောင်မှုအကြား

ချိတ်ဆက်မှုတစ်ခုအနေနှင့် ဆောင်ရွက်သည်။ သူတို့သည် လစဉ်ဆွေးနွေးပွဲများသို့ တက်ရောက်ပြီး ကျွန်ုပ်တို့အသင်းလုပ်နေသည့်အရာများအကြောင်း လေ့လာပြီး သူတို့၏ လုပ်ဖော်ကိုင်ဖက်များနှင့် အချက်အလက်များ ပြန်လည်ဝေမျှသည်။ သင့်ဌာနအလိုက်စောင့်ရှောက်ပေးသူသည် မည်သူဆိုသည်ကို သိလိုပါက၊ သို့မဟုတ် ထိုသူများကဲ့သို့ ဖြစ်လိုပါက kbaker@oregonafscme.org သို့အီးမေးလ်ပို့ပါ။

**မေခွန်းများ သို့မဟုတ် အခက်အခဲများရှိသလား?**

သင့်ထံတွင် စာချုပ် သို့မဟုတ် အလုပ်ခွင်အခက်အခဲ နှင့် ပတ်သက်သော မေးခွန်းရှိပါက၊ စုံစမ်းစစ်ဆေးသော ဆွေးနွေးပွဲအတွက် ကိုယ်စားလှယ်တစ်ဦးလိုပါက သို့မဟုတ် ကျွန်ုပ်တို့အသင်းနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက အောက်ပါနည်းလမ်းများဖြင့် ဆက်သွယ်နိုင်ပါသည်:

- သင့်ဌာနအလိုက်စောင့်ရှောက်ပေးသူ သို့ဆက်သွယ်ခြင်း
- Facebook နှင့် Twitter နောက်သို့လိုက်ပါ။
- ကျွန်ုပ်တို့ထံသို့ အွန်လိုင်းတွင် ဆက်သွယ်ခြင်း 328.unionlabor.org
- ဒေသတွင်း ၃၂၈ ထံ (၉၇၁) ၈၀၄-၀၂၃၇ သို့ခေါ်ဆိုခြင်း
- Oregon AFSCME SMART Center (စင်တာ) သို့ (၈၄၄) ၇၅၈-၆၄၆၆ ဖြင့်ခေါ်ဆိုခြင်း

SMART စင်တာတွင် မိခင်ဘာသာစကားသည် အင်္ဂလိပ်မဟုတ်သော အသင်းဝင်များအတွက် ဘာသာပြန်သူများရှိပါသည်။ သင်သည် ကျွန်ုပ်တို့၏ အသင်းနှင့်ပတ်သက်သော အချက်အလက်များကို ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် (www.local328.org) တွင်တွေ့နိုင်ပါသည်။